# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 1, 2019 — Volume 21, Number 1


**၁.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၈၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၉၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/ကျပ် |
| CBM Rate | = ၁၅၁၃.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## Trade Facilitation For Export/Import ဆွေးနွေးပွဲကျင်းပ







အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ရှိ အထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ်သည့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပို့ကုန်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအကြား ခေတ်သစ်ကုန်သွယ်မှုစနစ်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို သိရှိနိုင်ရန်နှင့် အခက်အခဲများကိုတင်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် Trade Facilitation For Export/Import ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့်ပူးပေါင်းပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄-၂၅ ရက်နေ့များတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် ပို့ဆောင်ရေး (ကုန်းလမ်း၊ ရေလမ်း၊ ဆိပ်ကမ်း၊ ရေကြောင်း၊ ရထား)၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်သွယ်ရေးဆိုင်ရာမူဝါဒနှင့်ဖြေလျော့မှုများ၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေး၊ အကောက်ခွန်၊ ဗဟိုဘဏ်ဆိုင်ရာဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများကရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်လာသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များမှ သိရှိလိုသည်များနှင့် ၄င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကိုတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်

သက်ဆိုင်ရာဌာနအသီးသီးမှ အရာထမ်းများ၊ အသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များ စုစုပေါင်း (၁၅၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

**Source: NES Unit**

## မြန်မာမှပဲတင်သွင်းရန် အိန္ဒိယက ကုမ္ပဏီ ၁၀၀ ကျော်ကိုခွင့်ပြု

အိန္ဒိယအစိုးရက ၎င်းတို့၏ ပြည်တွင်းကုမ္ပဏီ ၁၁၀၀ ကို မြန်မာမှပဲတင်သွင်းခွင့်ပြုလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် တစ်သိန်းခွဲကို တင်သွင်းမည်ဖြစ်ပြီး ပဲတီစိမ်းနှင့်ပဲစင်းငုံများကိုမူ မည်မျှဝယ်ယူ တင်သွင်းမည်ကိုမူ မသိရသေးပေ။ အိန္ဒိယအစိုးရ ဘက်ကတော့ တရားဝင်လိုင်စင်ချပေးလိုက်ပါပြီ။ လက်ရှိသူတို့ရဲ့ကုမ္ပဏီတွေကို ဒီရက်ပိုင်းထဲမှာပဲ ခွင့်ပြုတာဖြစ်တယ်။ အိန္ဒိယ အစိုးရကို လျှောက်လွှာတင်ထားတဲ့ အိန္ဒိယပဲကုမ္ပဏီ ၆၀၀၀ထဲကနေ အခု ကုမ္ပဏီ ၁၁၀၀ ကျော် ရွေးချယ်လိုက်တာပါ။ ပဲတင်ပို့ရမယ့်အချိန်ကိုတော့ အောက်တိုဘာအထိပဲပေးထားတယ်ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေသေးကြောင်း၊ ထို့ကြောင့် အိန္ဒိယကုမ္ပဏီများကို အဓိကထား တင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း ဆိုသည်။

အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်မှစတင်၍ ပြည်ပပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ရာ မြန်မာပဲတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။ ထို့ကြောင့် ပဲဈေးကွက်တည်ငြိမ်ရေးနှင့် ပဲဈေးကျဆင်းခဲ့ပါက ကောင်းမွန်စွာ ဖြေရှင်းနိုင်ရေးအတွက် စီးပွား/ကူးသန်းဝန်ကြီးဌာန၊ စိုက်ပျိုး/ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲနှမ်းအသင်း၊ ကုန်စည်ဒိုင်တို့ ညှိနှိုင်းဆွေးနွေးမှုမူကြမ်းအရ အိန္ဒိယသို့ ခွဲတမ်းစနစ်သီးသန့်ရရှိရေးတောင်းဆိုရန်၊ ပြည်တွင်း၌ ငွေကြေးလိုအပ်ချက်များ အရ အက်စ်အမ်အီးချေးငွေများကို နိုင်တော်အစိုးရကချပေးနိုင်ရန်နှင့် ပဲဈေးများကျဆင်းခဲ့လျှင် ကုန်သည်များက ပဲဈေး ထိန်းညှိ ဝယ်ယူရန် ပြင်ဆင်ထားသည်။ လက်ရှိပြည်တွင်း၌ ပဲတီစိမ်းလက်ကျန်တန်ချိန် တစ်သောင်းခွဲခန့်၊ ပဲစင်းငုံတန်ချိန် ခုနစ်သောင်း ခန့်နှင့် မတ်ပဲတန်ချိန် နှစ်သိန်းခန့်ရှိနေသည်။

အိန္ဒိယ နိုင်ငံသို့ ဇွန်လ ( ၁၂ ) ရက် ကစပြီး မတ်ပဲနှင့် ပဲစင်းငုံတို့ကို စတင်တင်ပို့ရာ ကွန်တိန် နာ ( ၅ ) စီးခန့်သာ အရောင်း အဝယ်ဖြစ်ခဲ့ရာမှ အခုရက်ပိုင်းအတွင်း ကွန်တိန်နာ (၃၅)လုံးအထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ လက်ရှိဈေးကွက် အတွင်း ပဲမျိုးစုံလှိုင်လှိုင်ဝင်ရောက်နေခြင်းကြောင့် တောင်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်အောက်မကျစေရန် ဈေးထိန်းညှိဝယ်ယူပေးလျက်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ မတ်ပဲနှစ်စဉ်တန်ချိန် ခြောက်သိန်းကျော်ထွက်ရှိရာမှ ယခုနှစ် တွင် တန်ချိန်သုံးသိန်းကျော်သာထွက်ရှိမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည် အသင်းကခန့်မှန်းထားသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် ၁၃ သိန်းကျော်၊ ကန်ဒေါ်လာ သန်း ၈၈၀ ရရှိခဲ့သည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## မြန်မာပြည်ကရွှေတွေ အိန္ဒိယကိုမှောင်ခိုပို့နေ

မြန်မာနိုင်ငံဘက်က အိန္ဒိယနိုင်ငံကို အရင်က လက်နက်တင်ပို့တဲ့လမ်းကြောင်းဟာ အခုအချိန်မှာ ရွှေများတရားမဝင် ခိုးဝင်နေတဲ့ လမ်းကြောင်းဖြစ်တယ်လို့ အိန္ဒိယနိုင်ငံ အင်ဖါးအကောက်ခွန်ဌာနက အရာရှိတစ်ဦးပြောပြချက်ကို ကိုးကားပြီး The Economic Times သတင်းစာမှာဖော်ပြပါတယ်။ အိန္ဒိယနိုင်ငံဘက်ကို မှောင်ခိုဝင်ရောက်တဲ့လမ်းကြောင်းဟာ အိန္ဒိယနိုင်ငံ ဘက်ခြမ်းက Nagaland ရှိ Dimapur ဒါမှမဟုတ် အာသံပြည်နယ် Slichar ကိုဖြတ်သယ်ပြီးနောက် နယူးဒေလီကို သယ်ယူတာပါ။ မြန်မာနိုင်ငံကရွှေဟာ အရည်အသွေးမြင့်ပြီး ၉၉.၇၆% အခေါက်ရွှေဖြစ်တယ်လို့ဆိုပါတယ်။

အိန္ဒိယအကောက်ခွန်ရဲ့စာရင်းတွေအရ ၂၀၁၇-၁၈ခုနှစ်မှာ ဖမ်းဆီးရမိတဲ့ ရွှေဟာ ကီလို ၃ထောင်ကျော်ပြီး တန်ဖိုးအားဖြင့် ရူပီငွေ သိန်း ၉ ထောင်ကျော် အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ပါတယ်။ ဖမ်းမိတဲ့ ရွှေတွေဟာ တရားမဝင် ဝင်ရောက်နေတဲ့ ရွှေများရဲ့ ၁၀% ဝန်းကျင်ပဲရှိပါတယ်။

မြန်မာ့ရွှေဟာ အိန္ဒိယရွှေထက် တစ်ဂရမ်မှာ ရူပီ ၅၀၀ ပတ်ဝန်းကျင် ဈေးသက်သာပါတယ်။ ဘာကြောင့်လည်းဆိုတော့ တရားမဝင်ဝင်လာတဲ့ ရွှေများဖြစ်တာကြောင့် ပေးဆောင်ရတဲ့ အကောက်ခွန် ၁၀% အပြင် ဝယ်ယူသူပေးဆောင်ရတဲ့ တခြားအခွန်တွေလည်း ပေးစရာမလိုတဲ့အတွက်ဖြစ်ပါတယ်။

**Source:** https://www.facebook.com/rfaburmese/

## မြန်မာ-တရုတ်နယ်စပ် လွယ်ဂျယ်မြို့၌ ဝါးစက္ကူကြမ်းစက်ရုံတည်ဆောက်၍ ပြည်တွင်းပြည်ပသို့တင်ပို့မည်

မြန်မာ-တရုတ် နယ်စပ်မြို့ဖြစ်သည့် ကချင်ပြည် နယ်၊ မိုးမောက်မြို့နယ် လွယ်ဂျယ် မြို့၌ ဝါးကို အဓိကကုန်ကြမ်းပြုလုပ်၍ စက္ကူကြမ်းစက်ရုံတည်ဆောက်ကာ ပြည်တွင်းနှင့်ပြည်ပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါစက္ကူကြမ်း စက်ရုံကို Mai Family ကုမ္ပဏီလီမိတက်က တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၇ ရက် နံနက် ၉နာရီက လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် စက်ရုံ၏ ကုန်ထုတ်လုပ်မှုဖြန့်ဖြူးရောင်းချမှုများကြောင့် ပတ်ဝန်းကျင်အ ပေါ်သက်ရောက်နိုင်သည့် ဆိုးကျိုးများလျော့နည်းစေမည့်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ဒေသခံပြည်သူများနှင့် စီမံကိန်းတာဝန်ရှိသူများ တွေ့ဆုံ ဆွေးနွေးခြင်းဖြစ်သည်။ ဝါးကို အဓိကကုန်ကြမ်းအဖြစ်အသုံးပြုပြီး စက္ကူကြမ်းထုတ်လုပ်မှာဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ ရည်ရွယ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့နဲ့ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွန်းစေဖို့အတွက် ရည်ရွယ်ပါတယ်ဟု Mai Family ကုမ္ပဏီ လီမိတက်ဒါရိုက်တာ ဦးဟိန်းနေလင်းက ပြောကြားသည်။

အဆိုပါ စက္ကူကြမ်းစက်ရုံကို လွယ်ဂျယ်မြို့၊ ဝိန်းခမ်းကျေးရွာ အုပ်စုရှိ မြေဧက ၁ ဒသမ ၀၁ ၌ တည်ဆောက်ထားပြီး စက်ရုံမှ တစ်နှစ်လျှင် ဝါးကုန်ကြမ်းတန်ချိန် ၁၀၀၀ ခန့်အသုံးပြု၍ တစ်နှစ်လျှင် ကုန်ချောတန်ချိန် ၃၃၀ ထုတ်လုပ်ပြီး ပြည်တွင်းသို့ ၅၀ ရာခိုင်နှုန်းနှင့် ပြည်ပသို့ ၅၀ ရာခိုင်နှုန်းရောင်းချသွားမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောကြားပြီး Mai Family ကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးဟိန်းနေလင်းက စက္ကူစက်လုပ်ငန်းအကြောင်း၊ စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဝန်ဆောင်မှုလုပ်ငန်းမှ ဦးစိုင်းစိုးသန့် (ရေအသုံးချမှုဆိုင်ရာ ဆန်းစစ်ခြင်းပညာရှင် Hydrology Consultant) က တတိယအဖွဲ့အစည်းနှင့်ပတ်သက်သည့်အကြောင်း၊ ဦးကြည်ဟန်ဘို (Quality Engineer) က စီမံကိန်းနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းအကြောင်း၊ ဦးပြည့်ဖြိုးကျော် (ပတ်ဝန်းကျင်အရည်အသွေးကောက် ယူအဖွဲ့ခေါင်းဆောင်)က စီမံကိန်းနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များကောက်ယူဆန်းစစ်ခြင်းအကြောင်းများနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများအကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

**Source: democracytoday**

https://yangonmedia.com/business/%e1%80%bb%e1%80%99%e1%80%94%e1%80%b9%

## မြန်မာနိုင်ငံထွက် သစ်သီးဝလံများ တရုတ်နိုင်ငံတောင်ပိုင်းသို့ထိုးဖောက် ဝင်ရောက်နိုင်ရေး ဆောင်ရွက်မည်

မြန်မာနိုင်ငံထွက် သစ်သီးဝလံများ၊ ပဲအမျိုးမျိုးနှင့် ပင်လယ်စာများကို တရုတ်နိုင်ငံတောင်ပိုင်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ တရုတ်နိုင်ငံ၊ ကွမ်ရှီး (ကွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊နန်နင်းမြို့ရှိ စီးပွားရေးသံမှူးထံသို့ မြန်မာနိုင်ငံမှ သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ ဈေးနှုန်းမှန်ဖြင့် ချိတ်ဆက်တင်ပို့နိုင်ရေးအတွက် တရုတ်ကုမ္ပဏီအချို့က စုံစမ်းမေးမြန်းမှုများ ရှိခြင်းကြောင့် အခြားသော အမယ်များလည်း ပါဝင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့ သစ်သီးဝလံတွေရဲ့ အဓိကအခက်အခဲကတော့ ဈေးကွက်ရရှိရေးပေါ့။ဈေးကွက်ရှိမှ စိုက်ပျိုးထုတ်လုပ်ပြီးသားကို ဒီတိုင်းပဲတင်ပို့နိုင်မယ်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း ဥက္ကဌ ဦးစိုးသန်းမင်းဒင်ကပြောသည်။ မူဆယ်ဇုန်မှ ဝယ်ယူနေသည့် သစ်သီးဝလံများသည် တရုတ်ပြည်မ ၏ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အတွက်ကြောင့် အလားလာကောင်းလျက်ရှိသည်။ နယ်စပ်ဒေသမှတစ်ဆင့် အများဆုံးတင်ပို့နေသော သရက်သီး၊ သခွားမွှေး၊ ဖရဲသီးတို့မှာ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် တရားဝင်ထည့်သွင်းပြီးဖြစ်သည့်အတွက် လက်ရှိတင်ပို့ နေသည့် ယူနန်ပြည်နယ်ကိုကျော်လွန်၍ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဈေးကွက်အတွင်းသို့ ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ခွင့်အခွင့်အလမ်းများရရှိရေးဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် တရုတ်နိုင်ငံတောင်ပိုင်းရှိ ဈေးကွက်များအတွင်းသို့ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ပဲအမျိုးမျိုး၊ ပင်လယ်စာ တို့ကိုတင်ပို့ရန် စိတ်ပါဝင်စားသူများသည် အမှန်တကယ်ရောင်းချနိုင်မည့် ပမာဏ ၊ အရည်အသွေးပိုင်းတွင် မည်မျှအာမခံ ခြင်း၊ မည်သို့ အချိန်မီ ချိတ်ဆက်မည် ငွေပေးငွေယူစနစ်ကို မည်သို့ပြုလုပ်မည်ဟူသည့်အချက်များကို စီးပွားရေးသံမှူး(နန်နင်း မြို့)သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ တရုတ်ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီ/စိုက်ပျိုးသူ/တင်ပို့သူတို့ကြား

လက်မှတ်ရေးထိုးထားသည့် စာချုပ်၊ စိုက်ပျိုးသည့် ဥယျာဉ်ခြံမြေမှ အမှန်တကယ်ထွက်ရှိသည့် လက်မှတ်၊ ပိုးသတ်ဆေး ပါဝင်မှုနှင့် ပိုးမွှားကင်းစင်ကြောင်း လက်မှတ်စသည့် လိုအပ်သည့်အထောက်အထားများကို တင်သွင်းမည့် တရုတ်ကုမ္ပဏီ၏ ပြည်နယ်ရှိ အကောက်ခွန် ဌာန၊ ထိုမှတစ်ဆင့် ဘေဂျင်းရှိ အကောက်ခွန်ဌာနသို့ ခွင့်ပြုချက်တင်ကာ၊ ဘေဂျင်း မှခွင့်ပြုချက်ကို မိမိပြည်နယ်ရှိ အကောက်ခွန်ဌာနသို့ ပေးပို့ပါကတင်သွင်းခွင့်ရရှိပြီဖြစ်ကြောင်းသိရသည်။

နန်နင်းမြို့ရှိ စီးပွားရေးသံမှူးက မြန်မာနိုင်ငံဘက်က သစ်သီးဝလံထုတ်လုပ်တင်ပို့ရောင်းချနေသူများ၊ အသင်း အဖွဲ့များနှင့် ချိတ်ဆက်သွားနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အထူးပြုအသင်းအဖွဲ့များနှင့် ဆက်သွယ်ထားကြောင်း၊ ထို့ပြင် ဖရဲသီးနှင့်သခွား မွေးထွက်ရှိမည့် ရာသီများအတွက် ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်လျက်ရှိကြောင်းသိရ သည်။

**Source:** https://www.facebook.com/amiamyanmar/

## ပြည်တွင်းဆန်စျေးနှုန်း အတက်ဘက်ကို ပြန်လည်ဦးတည်နေ

တရုတ်နိုင်ငံသို့ မြန်မာ့ဆန်ကို တရားဝင်ကိုတာစနစ်နှင့်လည်းကောင်း၊ ကုန်ပစ္စည်းဖလှယ်သည့်စနစ် (ဘာတာ) စနစ်နှင့်ပါ တင်ပို့ရောင်းချနိုင်ရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေသည်ဆိုသော သတင်းများကြောင့် တရုပ်နိုင်ငံမှဝယ်ယူမှုမရှိ၍ ကျဆင်းနေသည့် ဆန်နှင့်စပါးစျေးနှုန်းများက အနည်းငယ်စျေးပြန်တက်လာကြောင်း ပြည်တွင်းဆန်စျေးကွက်အတွင်းက စုံစမ်းသိရှိရသည်။ လက်ရှိပြည်တွင်းဆန်စျေးကွက်မှာ ဆန်အရောင်းအဝယ်အေးနေသော်လည်း စျေးနှုန်းကအတက်ဘက်သို့ ဦးတည်နေကြောင်းသိရသည်။

ရန်ကုန်ဝါးတန်းစျေးကွက်၏ ဖွန်လ ၂၈ရက်နေ့ဆန်ပေါက်စျေးများမှာ ဧည့်မထဆန် အမျိုးအစားမှာ တစ်အိတ်ကို၂၁၀၀၀ စျေးရှိပြီး၊ ပြီးခဲ့သည့်လလယ်ခန့်ကဖြစ်ပေါ်ခဲ့သည့်စျေးနှုန်းဖြင့်နှိုင်းယှဉ်လျှင် တစ်အိတ်ကို ကျပ် ၁၃၀၀ ခန့်စျေးမြင့်တက်ခဲ့ကြောင်းသိရသည်။ ဆန်ကွဲစျေးမှာလည်းယခင် တစ်အိတ်ကို ၁၄၅၀၀ ခန့်စျေးရှိခဲ့ရာမှာယခုတွင်၁၅၅၀၀ထိ စျေးပေါက်ကြောင်းသိရသည်။ သို့သော်ပေါ်ဆန်းစျေးမှာ ပြည်တွင်းလက်ကျန်များ၍ အနည်းငယ်စျေးအေးနေကြောင်းသိရသည်။ တက်တာတော့ကြာနေပြီလေ၊ ပြီးခဲ့တဲ့လလယ်ကတည်းကတက်တာ ဒီအချိန်ကစပါးတွေဂိုဒေါင်ထဲ ရောက်တဲ့အချိန်ဆိုတော့ အမြဲတမ်းစျေးတက်နေကြ။ လတ်တလောတော့ ထပ်တက်မလာသေးဘူး။ စျေးပြန်အေးနေတာတောင်လေးငါးရက် လောက်ရှိပြီး၊ ပေါ်ဆန်စျေးဆိုရင်လက်ကျန်များလို့စျေးအေးတယ်။ ဆန်ကွဲစျေးကတော့တက်တယ်ဟု ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်အတွင်းရေးမှူး ဦးညီညီထွန်းကဆိုသည်။

လက်ရှိရန်ကုန်စျေးကွက်တွင် ပေါ်ဆန်း(မြောင်းမြပုသိမ်) စျေးနှုန်းမှာ ၁၀၈ပေါင်တစ်အိတ်ကို ကျပ် ၄၁၀၀၀ မှ ၄၄၀၀၀ ကြားစျေးရှိပြီး၊ ဖျာပုံပေါ်ဆန်းမှာ တစ်အိတ်ကို ကျပ် ၄၁၀၀၀မှ ၄၅၀၀၀ကြား၊ ဒေးဒရဲ ပေါ် ဆန်းက ကျပ် ၄၀၀၀၀မှ ၄၄၀၀၀၊ ရွှေဘိုပေါ်ဆန်းက ကျပ် ၅၃၀၀၀မှ ၅၄၀၀၀ ကြားစျေးရှိကြောင်းသိရသည်။ ဧရာဝတီတိုင်းနယ်စျေးကွက်တွင်လည်း ဧည့်မထ (ဖျာပုံ၊ မြောင်းမြ၊ မအူပင်) မိုးစပါးနှင့်ဆန်စျေးနှုန်းများမှာ အညာစျေးကွက်ဝယ်လိုအားများ၍ ယခင်ထက် စျေးမြင့်တက်လာခဲ့ကြောင်း စျေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။ ဧည့်မထ(မြောင်းမြ)ဆန်မှာ တစ်အိတ်ကို ကျပ် ၂၁၀၀၀မှ ၂၃၀၀၀၊ ဧည့်မထ (မအူပင်)ဆန်က ကျပ်၂၂၅၀၀မှ ၂၃၀၀၀၊ ဧည့်မထ (ဖျာပုံ)ဆန်က ကျပ် ၂၂၀၀၀မှ ၂၄၀၀၀သို့လည်းကောင်း အသီးသီးစျေးမြင့်လာသည်ကိုတွေ့ရသည်။

**Source:** AMIA News

## ရေထွက်ကုန်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေး တရုတ်နိုင်ငံ ယူနန်၊ ရှန်ဟိုင်းတို့နှင့် ဆွေးနွေး

ငါးလုပ်ငန်းနှင့်ပင်လယ်ထွက်ကုန်ကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် တရုတ်နိုင်ငံ ရှန်ဟိုင်း၊ ယူနန်တို့နှင့် ဆွေးနွေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်၌ ပြုလုပ်သည့် ဒုတိယသမ္မတ(၁)ဦးဆောင်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ နှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ပြောဆိုသည်။ တရုတ်နိုင်ငံကို ကုန်စည်ပို့ဆောင်တဲ့နေရာမှာ ငါးလုပ်ငန်းကဏ္ဍ၊ ပင်လယ်ထွက်ပစ္စည်းတွေရဲ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ဖို့ ယူနန်နဲ့ဆွေးနွေးနေတာရှိပါတယ်။ ဒ့ါအပြင် ရှန်ဟိုင်းဘက်နဲ့လည်း ဆွေးနွေးနေတာရှိပါတယ်ဟု ၎င်းကပြောဆိုသည်။

ငါးမွေးမြူရေးကဏ္ဍငါးလုပ်ငန်းမှတစ်ဆင့် ပင်လယ်ထွက်ကုန်စည်ပို့ကုန်လုပ်ငန်းမှာ အရေးကြီးပြီး ထိုသို့ဆောင်ရွက်နိုင်မှုမှာ တိုင်းပြည်၏ ဂျီဒီပီတိုးတက်နိုင်မှုအခြေအနေတစ်ခုဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ငါးလုပ်ငန်း အဖွဲ့ချုပ်၊ ငါးလုပ်ငန်း ကဏ္ဍနယ်ပယ်အသီးသီး၌ ဆောင်ရွက်နေသည့် ကမ်းဝေးကမ်းနီး ငါးဖမ်းနေသူများနှင့်လည်း ညှိနှိုင်းလျက်

ရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ယခုနှစ် ဇွန် ၆ ရက်အထိ ပြည်ပသို့ ရေထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၉၄ ဒသမ ၁၃၁ သန်းအထိရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/125070.html

## ကိုးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ငွေ ဒေါ်လာသုံးဘီလီယံနီးပါးရှိ



ကိုးလခန့်အတွင်း နိုင်ငံခြားဝင်ငွေဒေါ်လာ သုံးဘီလီယံနီးပါးရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်း ချုပ်၌ပြုလုပ်သည့် ဒုတိယသမ္မတ(၁)ဦးဆောင်၍ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ ပြောဆိုသည်။

လွန်ခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ယခု ၂၀၁၉ ခုနှစ် ဇွန်တတိယပတ်အထိ ကိုးလခန့်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးအထိ ရှိခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးနည်းလမ်းတွေကိုရှာဖွေပြီးတော့ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ လောလော ဆယ်ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်ကနေ ဒီနှစ်ဇွန်တတိယအပတ်အထိ နိုင်ငံခြားဝင်ငွေဒေါ်လာသုံးဘီလီယံ နီးပါးရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍရော၊ အစိုးရကဏ္ဍရော ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့အားလုံး အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ စီးပွားရေးဝန်းကျင်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

ဇွန် ၂၈ ရက်ကပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် သတ္တုကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ၁၂ ခုခွင့်ပြုခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၂၄၇ သန်း နှင့် ကျပ် ၆၂၇၇၅ ဒသမ ၇၇၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၂၉၀၉ နေရာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/125049.html

## မူဆယ်နယ်စပ်တွင်ပိတ်မိနေသည့် ဆန်တန်ချိန် (၂)သောင်းခန့်သာကျန်



ယခုလဆန်းမှစတင်ကာ တရုတ်နိုင်ငံဖက်မှ ဆန်တန်ချိန်အချို့ကို ပြန်လည်ဝယ်ယူခဲ့သည့်အတွက် တန်ချိန်(၅)သောင်းကျော် ပိတ်မိနေခဲ့ရာမှ ယခုလကုန်တွင် ဆန်တန်ချိန်(၂)သောင်းခန့်သာ ကျန်ရှိတော့သည်ဟု ကုန်သွယ်ရေးဦးစီးဌာနမှသိရသည်။ တရုတ်ဖက်က နည်းနည်းစီ ပြန်ဝယ်နေတာ၊ ဒီဖက်ကလည်း တောက်လျှောက်ပြန်ပို့ နေတော့ တန်ချိန်က အခုဆို (၂)သောင်းလောက်ဘဲရှိတော့ တယ်။ ဒါကလည်း လာမယ့်လဆန်းပိုင်းလောက်ဆို ကုန်သလောက်ဖြစ်ပါပြီ ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

တရုတ်နိုင်ငံသို့မူဆယ်နယ်စပ်ဂိတ်မှ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို အများဆုံးဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုနှစ်ဆန်းမှစတင်ကာ တရုတ်ကုန်သည်များကို တရုတ်အစိုးရမှ တရားမဝင် ဆန်တင်သွင်းမှုများ အား ဆက်တိုက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ဖမ်းဆီးမှုများကြောင့် မြန်မာဆန်ကုန်သည်များအထိနာခဲ့ပြီး ဆန်တန်ချိန် (၅)သောင်းကျော်အထိ မြန်မာဖက်အခြမ်းတွင်ပိတ်မိခဲ့ခြင်းဖြစ်သည်။အကျိုးဆက်အဖြစ် ပြည်တွင်း စပါးဈေးနှုန်းများပါကျဆင်းလာခဲ့ပြီး အခြေခံဈေးနှုန်းအောက်ရောက်ခဲ့သည့်အခြေအနေပါ ဖြစ်ခဲ့သည်။

အစိုးရအပိုင်းမှ ဆန်တန်ပို့မှုကို နိုင်ငံတကာဈေးကွက်ပိုမိုရရှိစေရန်အတွက် ပြည်ပကုမ္ပဏီများက တိုက်ရိုက် တင်ပို့ခွင့်ကိုလည်းခွင့်ပြုခဲ့သည်။

ဒါကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်းပိုတိုးလာမှာဖြစ်ပြီး ဈေးကွက်အပိုင်းမှာလည်း သူတို့ ကိုတိုက်ရိုက်ပို့ခွင့်ပြုလိုက်တာကြောင့် ဆန်တင်ပို့မှုက ကျယ်ပြန့်လာဖို့ရှိပါတယ်။ နောက်တစ်ခုက ပြည်တွင်းဘဏ်တွေကို ရင်းနှီးမြှုပ်နှံငွေဒေါ်လာသုံးသန်းအထိပြုရမှာဖြစ်လို့ နိုင်ငံခြားငွေလည်းဝင်လာမှာဖြစ်ပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် တန်ချိန်အမြောက်အများ လျော့ကျနေသည့်အတွက် အစိုးရနှင့်ဆန်လုပ်ငန်းရှင်များပူးပေါင်းကာ ဈေးကွက်ရှာဖွေခြင်းနှင့် ဆန်စက်အရည် အသွေးများတိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိနေသည်။ လက်ရှိတွင် မူဆယ်နယ်စပ်မှ နေ့စဉ်ဆန်တန်ချိန် (၁၅၀၀)ဝန်းကျင်ခန့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိနေသည်။

**Source:** http://www.betvmyanmar.com/my/news/

## ပြည်ပမှ စားတော်ပဲတင်သွင်းမည့်အစီအစဉ် ညှိနှိုင်းဆဲဖြစ်ပြီး မဆုံးဖြတ်ရသေးဟုဆို စားတော်ပဲတင်သွင်းမည့်သတင်းကြောင့် ပြည်တွင်းဈေးကျဆင်း



စားတော်ပဲကို ၂၀၁၇ ဩဂုတ်လနောက်ပိုင်း ပြည်ပမှတင်သွင်းခွင့် ရပ်ဆိုင်းထားသည်။ ပြည်ပမှ စားတော်ပဲတင်သွင်းမည့် အစီအစဉ်သည် ညှိနှိုင်းဆဲဖြစ်ပြီး တိကျစွာမဆုံးဖြတ်ရသေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ ပြည်ပမှ စားတော်ပဲတန်ချိန် ငါးသောင်းခန့်တင်သွင်းရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာနက ခွင့်ပြုထားသော်လည်း ပြည်တွင်းပဲစိုက်ပျိုးသည့် တောင်သူများ၊ ကုန်သည်များနှင့် ညှိနှိုင်းသဘောတူညီမှုရရှိမှသာ တင်သွင်းမည်ဟု ၎င်းကဆိုသည်။ တင်သွင်းမယ်ဆိုရင်လည်း တောင်သူတွေမထိခိုက်အောင် ဆောင်ရွက်နေပါတယ်ဟု ဖွန်လ ၂၉ ရက် ဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

လက်ရှိစားတော်ပဲတင်သွင်းရန်စီစဉ်ခြင်းကလည်း ပြည်တွင်းလိုအပ်ချက်ရှိနေခြင်းကြောင့်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ပဲတင်သွင်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းကို တောင်သူများနှင့် ညှိနှိုင်းပြီးမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောသည်။ သို့သော် စားတော်ပဲတန်ချိန် ငါးသောင်းတင်သွင်းမည့်သတင်းကြောင့် စစ်ကိုင်းတိုင်းတွင် ပဲဈေးနှုန်းသည် ရက်ပိုင်းအတွင်း တစ်တင်းလျှင် ကျပ် ၁၀၀၀ ခန့် ဈေးကျဆင်းသည်။ လက်ရှိစားတော်ပဲဈေးနှုန်းက တစ်တင်းလျှင် ကျပ်နှစ်သောင်းဈေးရှိသည်ဟု မုံရွာမြို့မှ ပဲကုန်သည်တစ်ဦးကပြောသည်။

ကနေဒါနိုင်ငံအပါအဝင် ပြည်ပနိုင်ငံအချို့မှ တင်သွင်းမည့်စားတော်ပဲအမျိုးအစားသည် ပြည်တွင်းပဲကဲ့သို့ အရသာမကောင်းသော်လည်း ဈေးနှုန်းသက်သာကြောင်း ပဲကုန်သည်အချို့ကပြောသည်။ နိုင်ငံခြားမှတင်သွင်းသည့် ပဲသည် တစ်တင်းလျှင် ကျပ်၁၇၀၀၀ ခန့်သာဈေးရှိသည်ဟု မုံရွာမှပဲကုန်သည်တစ်ဦးကပြောသည်။ ပြည်ပမှတင်သွင်းသည့် စားတော်ပဲက ဈေးသက်သာခြင်းကြောင့် ပြည်တွင်းပဲကြာဆံထုတ်လုပ်ခြင်းနှင့် ကုလားပဲအစားထိုးရာတွင် အသုံးပြုသည်။

ပြည်ပမှ စားတော်ပဲတင်သွင်းမှုကို ၂၀၁၇ ဩဂုတ်မတိုင်မီအထိ စီးပွားကူးသန်းဝန်ကြီးဌာနက ခွင့်ပြုထားခဲ့သည်။ နိုင်ငံတကာအခေါ် Yellow Pea ဟုခေါ်သော စားတော်ပဲကို ၂၀၁၇ မတိုင်မီက တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းအထိ ပြည်ပမှ တင်သွင်းဖူးသည်ဟု ဦးမင်းကိုဦးကပြောသည်။ သို့သော် ၂၀၁၇ ဩဂုတ်တွင် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုနှင့်ပတ်သက်၍ မူဝါဒကန့်သတ်သည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက် မြန်မာနိုင်ငံကလည်း စားတော်ပဲတင်သွင်းမှုကိုရပ်ဆိုင်းခဲ့သည်။

အိန္ဒိယ၏ ပဲမူဝါဒက ပြည်တွင်းမှထုတ်လုပ်သည့် ပဲစင်းငုံတန်ချိန်သုံးသိန်းကျော်အတွက် ဈေးကွက်ပျောက်သည့် အခြေအနေမျိုးဖြစ်လာသဖြင့် ပဲကြာဆံလုပ်ငန်းများတွင် ပဲစင်းငုံကို အစားထိုးသုံးနိုင်ရန် စားတော်ပဲတင်သွင်းမှုကို တားဆီးခြင်းဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တစ်ဦးကပြောသည်။ ၂၀၁၉ တွင် ပြည်တွင်း၌ ပဲစင်းငုံတန်ချိန် ငါးသောင်းကျော်သာ ကျန်ရှိသဖြင့် ပဲကြာဆံလုပ်ငန်းများအပါအဝင် အစားထိုးပဲအဖြစ် ပြည်ပမှတင်သွင်းရန် စီးပွားကူးသန်းဝန်ကြီးဌာနကခွင့်ပြုသော်လည်း ပဲစိုက်တောင်သူများနှင့် ပဲသိုလှောင်ထားသည့် ဈေးကျဆင်းမည်ကိုစိုးရိမ်နေသည်။

**Source:** http://www.7daydaily.com/story/159872

# STOCK EXCHANGE (1.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 1st Jul. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 3,861 | 43,317,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,300 | 8,659 | 29,208,850 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 8,000 | 7,800 | 97 | 761,800 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | +0 | +0.00% | 23,500 | 24,000 | 23,500 | 212 | 4,984,500 | 2,472,053 | 59,329 |
| TMH | 00005 | 2,950 | -100 | -3.28% | 3,000 | 3,000 | 2,950 | 271 | 808,950 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.25 | -13.01 | -2.85% | 454.91 | 454.91 | 442.13 | 13,100 | 79,081,600 | 5 | 605,138 |

### Index chart




## Market Overview

As of 1:00 pm, 1st Jul. 2019

| | |
|---|---|
| MYANPIX-1 | 443.25<br>13.01 |
| Total Volume (shares) | 13,100 |
| Total Value (MMK) | 79 mil |
| Listed Company | 5 |
| Market Cap. (MMK) | 605,138 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | 500 |
| MTSH | 00002 | 3,350 | 50 |
| MCB | 00003 | 7,800 | 100 |
| FPB | 00004 | 24,000 | 0 |

m.com...